**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**အလုပ်သမားဝန်ကြီးဌာန**

**ထုတ်ပြန်ချက်**

**၂၀၂၁ ခုနှစ်၊ မေလ၊ (၂၂)ရက်**

၁။ ၁၊ ၂၊ ၂၀၂၁ ရက်နေ့တွင် ပြည်သူလူထုရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရထံမှ အကြမ်းဖက်စစ်ကောင်စီက လက်နက်အားကိုး၍ မတရားသဖြင့်အာဏာသိမ်းယူခဲ့သည်။ အာဏာသိမ်းပြီးတပတ်မပြည့်မီ ၆၊ ၂၊ ၂၀၂၁ ရက်နေ့မှာပင် အလုပ်သမားထုသည် ရန်ကုန်မြို့တွင် သပိတ်စစ်ကြောင်းထွက်၍ စစ်အာဏာသိမ်းမှုကို စတင်ကန့်ကွက် ဆန္ဒပြခဲ့ကြသည်ကို တွေ့ရှိရသည်။ ထိုမှစ၍ ယနေ့ထက်တိုင် စစ်အာဏာဆန့်ကျင်ရေးတိုက်ပွဲတွင် အသက်၊ အိုးအိမ်၊ စည်းစိမ်များကို စွန့်လွှတ်ရုံမျှမက ဖမ်းဆီးခံ၊ ထောင်ကျခံ၍ တိုက်ပွဲဝင်နေသော အလုပ်သမားထုအတွက် မိမိတို့ အလုပ်သမားဝန်ကြီးဌာနသည် အထူးချီးကျူး ဂုဏ်ပြုပါသည်။ တိုက်ပွဲအတွင်း ပေးဆပ်စွန့်လွှတ်သွားခဲ့သော အလုပ်သမား သူရဲကောင်းများအား စာရင်းပြုစု၍ လိုအပ်သလို ဂုဏ်ပြုခြင်း၊ ထောက်ပံ့ကူညီခြင်းများ ပြုလုပ်သွားရန်ရည်ရွယ်ထားပါသည်။

၂။ မိမိတို့နိုင်ငံသည် ယခင်ကပင် ဒီမိုကရေစီအပြည့်အဝရရှိခဲ့သည် မဟုတ်ခဲ့သည့်အတွက် အလုပ်သမား အခွင့်အရေး များမှာ ပြည့်ပြည့်ဝဝ ရရှိခဲ့သည် ဟူ၍မရှိပေ။ ယခုလို လူစိတ်ကင်းမဲ့နေသော အကြမ်းဖက်စစ်ကောင်စီလက်ထက်တွင် အလုပ်သမား အခွင့်အရေးဆိုသည်မှာ မပြောကောင်းသောစကားကဲ့သို့ ဖြစ်နေပြီဖြစ်သည်။ အချို့သော အလုပ်ရှင်များသည် အကြမ်းဖက် စစ်ကောင်စီအာဏာသိမ်းပြီးကတည်းက အလုပ်သမားထုအပေါ် အခွင့်အရေး ချိုးဖောက်မှု၊ ဖိနှိပ်မှုများ ပြုလုပ်လာခဲ့ကြသည်ကို ကြားသိခဲ့ရသည်။ ယခုအခါ ဥပဒေမဲ့ အလုပ်ထုတ်ခြင်း၊ လုပ်ခလစာလျှော့ချခြင်းများကို အလုပ်ရှင်အချို့က ပြုလုပ်လာနေသည်ကို တွေ့မြင်နေရသည်။ ပြည်သူလူထုတရပ်လုံး အကြမ်းဖက်စစ်ကောင်စီ၏ ဖိနှိပ်ရက်စက်မှုကို ခံစားနေရချိန်တွင် အလုပ်ရှင်အချို့၏ ဤသို့သော ဖိနှိပ်ရက်စက်မှုများမှာ အကြမ်းဖက်စစ်ကောင်စီ၏ လုပ်ရပ်နှင့် တသားတည်းဖြစ်နေသည့်အတွက် မိမိတို့ အလုပ်သမားဝန်ကြီးဌာန အနေဖြင့် ရှုတ်ချပါသည်။

အကြမ်းဖက်စစ်ကောင်စီကို ဆန့်ကျင်ပြီး မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ခံနေသော လုပ်ငန်းရှင်များ ကိုလည်း မိမိတို့ဝန်ကြီးဌာနက အသိအမှတ်ပြု မှတ်တမ်းတင်ထားမည်ဖြစ်သည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနသည် ဖြစ်ပေါ်နေသော အခြေအနေနှင့် အညီ မူဝါဒ ၅ ရပ်ချမှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်သည်။

- အမျိုးသားညီညွတ်ရေးအစိုးရအား နိုင်ငံတကာအသိုင်းအဝိုင်းတွင် ထောက်ခံပံ့ပိုးမှုများ ရရှိရေး၊
- ပြည်တွင်းအလုပ်သမားထု၏ အခွင့်အရေးအားကာကွယ်ပေးရေး၊
- အမျိုးသားညီညွတ်ရေးအစိုးရအား ထောက်ခံသော လုပ်ငန်းရှင်များ၏ အကူအညီရယူရေးနှင့် စစ်ကောင်စီအား ထောက်ခံသော လုပ်ငန်းရှင်များအား အရေးယူနိုင်ရေး၊
- အလုပ်သမားဥပဒေများအား ဒီမိုကရေစီ စံချိန်စံညွှန်းနှင့် ညီညွတ်စေရေး
- စစ်ကောင်စီအား အမြစ်ပြတ်ဖြုတ်ချရေး၊

၄။ မူဝါဒများအား အကောင်အထည်ဖော်ရန်အတွက် ချမှတ်ထားသော လုပ်ငန်းစဉ်များတွင် ရေတိုလုပ်ငန်းစဉ်၊ ရေရှည်လုပ်ငန်းစဉ်များ ပါရှိပါသည်။ ရေတိုလုပ်ငန်းစဉ်အားဖြင့် ပြည်တွင်းပြည်ပ အလုပ်သမားများ၏ အခွင့်အရေးများကို တတ်စွမ်းသမျှ အကာအကွယ်ပေးခြင်း၊ ကူညီထောက်ပံ့ပေးခြင်းများ၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် အမျိုးသား ညီညွတ်ရေးအစိုးရအား အသိအမှတ်ပြုရေး၊ အကြမ်းဖက်စစ်ကောင်စီအား ယဉ်ကျေးသော လူ့အသိုင်းအဝိုင်းမှ ဝိုင်းပယ်ထားရေး၊ စစ်ကောင်စီအား ဖြုတ်ချနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်မည်။ အနာဂါတ်နိုင်ငံတော်သစ်တွင် အလုပ်သမားအခွင့်အရေးများအား ကာကွယ်နိုင်ရေး၊ တိုးတက်ရရှိနိုင်ရေးတို့အတွက် အခြေခံကောင်းများကိုလည်း တည်ဆောက်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဘက်စုံနိမ့်ကျနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတခုဖြစ်ရာ ပြည်ပနိုင်ငံများသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်နေသူ အမြောက်အမြားရှိပါသည်။ ယခင်က အဆိုပါရွှေ့ပြောင်းအလုပ်သမားများအရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက်ပေးနိုင်ရန် အလုပ်သမားဝန်ကြီးဌာနတွင် သီးခြားဦးစီးဌာနတခုမရှိခဲ့ပါ။ ထို့ကြောင့် ပြည်ပရောက် မြန်မာအလုပ်သမားများမှာ မကြာခဏဆိုသလို အခွင့်အရေးချိုးဖောက်ခံရခြင်းအပါအဝင် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ကြရသည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မိမိတို့အလုပ်သမား ဝန်ကြီးဌာနလက်အောက်တွင် ပြည်ပရွှေ့ ပြောင်းအလုပ်သမားရေးရာညွှန်ကြားမှုဦးစီးဌာန တခုကိုလည်း ထပ်မံဖွဲ့စည်းပြီး ပြည်ပရောက် အလုပ်သမားများ အရေးကိုလည်း စီမံဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ အကြမ်းဖက်စစ်ကောင်စီအား တော်လှန်နေသည့် ဤအရေးတော်ပုံကြီး ပြီးစီးသွားသည့်အခါတွင် မိမိတို့နိုင်ငံတွင် စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြား ထွန်းကားလာဖွယ်ရှိရာ အလုပ်ရှင်၊ အလုပ်သမား ပြဿနာများမှာလည်း ပိုမိုများပြားလာဖွယ်ရှိပါသည်။ လက်တလော ဖြေရှင်းနေသော အလုပ်သမားအငြင်းပွားမှုဥပဒေ၏ အားနည်းချက်များကြောင့် အလုပ်ရှင်နှင့် အလုပ်သမားကြားပြဿနာများမှာ ကျေလည်စွာ ပြီးစီးသွားခြင်းမရှိဘဲ အလုပ်ရှင်နှင့် အလုပ်သမားကြား ရန်ငြိုး ရန်စများ ပိုမို များပြားလာသကဲ့သို့ရှိနေပါသည်။ ထို့ကြောင့် အလုပ်ရှင် အလုပ်သမား ပြဿနာများအား ပြေလည်အောင် ဖြေရှင်းနိုင်စေရန် အလုပ်သမားအငြင်းပွားမှု ဥပဒေကို ပြင်ဆင်ရန် လိုအပ်သကဲ့သို့ အလုပ်သမား တရားရုံးများ ပေါ်ပေါက်ရေးကိုလည်း ရေရှည် လုပ်ငန်းစဉ်အနေဖြင့် ထည့်သွင်းထားပါသည်။ အနည်းဆုံးအခကြေးငွေဥပဒေအရ ဒေသအလိုက် အနည်းဆုံးလုပ်ခ၊ လုပ်ငန်းအလိုက် အနည်းဆုံးလုပ်ခများ သတ်မှတ်ပြဋ္ဌာန်းပေးရန်လည်း လိုအပ်နေပါသေးသည်။ အကြမ်းဖက်စစ်ကောင်စီအား ဖြုတ်ချပြီးသည့် နောက်ပိုင်းတွင် အဆိုပါ လုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်

နိုင်ရေးအတွက် ယခုကတည်းက အခြေခံကောင်းများ ချမှတ် ဆောင်ရွက်ထားမည်။ မိမိတို့ နိုင်ငံတွင် ကလေး အလုပ်သမားများ၊ မသန်စွမ်းအလုပ်သမားများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ယာယီအလုပ်သမားများ ကာကွယ်ပေးသည့် အလုပ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေများလည်း ပြဋ္ဌာန်းရန် လိုအပ်နေသေးသည် ဖြစ်ရာ ယခုကတည်းက ကြိုတင် ဆွေးနွေး ပြင်ဆင်ထားမည် ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်လည်း မညီညွတ်၊ ပြည်တွင်းလက်တွေ့ ဖြစ်ပေါ် နေမှုများနှင့်လည်း မကိုက်ညီသော အလုပ်သမားဥပဒေများကိုလည်း ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် အညီ ပြန်လည် ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်ပါမည်။

၆။ အလုပ်သမားဝန်ကြီးဌာန၏လက်အောက်တွင် အမှုထမ်းနေသော ဝန်ထမ်းများ၏ အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)များ သည်လည်း အကြမ်းဖက်စစ်ကောင်စီအား တော်လှန်တိုက်ပွဲဝင်ရာတွင် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေပါသည်။ မိမိတို့ အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ CDM ဝန်ထမ်းများ၏ စွန့်လွှတ်အနစ်နာခံမှုကို မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ချီးကျူး ဂုဏ်ပြုပါသည်။ တိုက်ပွဲဝင်ဝန်ထမ်းများအား ကာကွယ်မှု၊ ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန်လည်း စီစဉ်ထားပါသည်။ အကြမ်းဖက်စစ်ကောင်စီကို ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်နေသည့် ဝန်ထမ်းများရှိနေသကဲ့သို့ အကြမ်းဖက်စစ်ကောင်စီကို စိတ်ရောကိုယ်ပါ ထောက်ခံပူးပေါင်းပြီး ဌာနတူဝန်ထမ်းများအား ဖိနှိပ်နေသူများကိုလည်း အရေးယူသွားမည် ဖြစ်သည်။

၇။ အမျိုးသားညီညွတ်ရေးစိုးရ၏ အန္တိမရည်မှန်းချက်မှာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရန်ဖြစ်သည်။ မိမိတို့ အလုပ်သမားဝန်ကြီးဌာနသည်လည်း ဤရည်ရွယ်ချက်များအောင်မြင်ပြီးစီးရန် မိမိတို့ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့် လုပ်နိုင်စွမ်းများကို အသုံးချ၍ စွမ်းစွမ်းတမံ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**